# အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာ အစီအစဉ်၏ နောက်ခံသမိုင်းကြောင်း

၁။ ၂၀၀၁ ခုနှစ် World Trade Centre Tower တိုက်ခိုက်ခံရပြီးနောက်ပိုင်း အမေရိကန်နိုင်ငံ အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေးအေဂျင်စီမှ အကြမ်းဖက်မှုပပျောက်စေရန် အကောက်ခွန်နှင့် ကုန်သည်များ လက်တွဲဆောင်ရွက်မှု (Customs-Trade Partnership against Terrorism CT-PAT) အစီအစဉ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး နိုင်ငံတကာ ကုန်သွယ်မှုကွင်းဆက်(International Trade Supply Chain) လုံခြုံမှုရှိစေရန်နှင့် ကမ္ဘာ့ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးတို့အတွက် ကမ္ဘာ့အကောက်ခွန်အဖွဲ့(WCO)သည် ၂၀၀၅ ခုနှစ်၊ ဇွန်လတွင် ဘဲလ်ဂျီယံနိုင်ငံ၌ ကျင်းပပြုလုပ်သည့် အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ နှစ်ပတ်လည်ကောင်စီ အစည်းအဝေးတွင် လုံခြုံမှုမူဘောင် (SAFE Framework of Standard) အား ချမှတ်ခဲ့ပါသည်။

၂။ အဆိုပါလုံခြုံမှုမူဘောင်တွင်အောက်ပါ မဏ္ဍိုင်(၃)ရပ်ပါဝင်ခဲ့ပါသည်-

(က) အကောက်ခွန်အဖွဲ့အစည်း တစ်ခုနှင့်တစ်ခုကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဏ္ဍိုင်(Customs To Customs)

(ခ) အကောက်ခွန်နှင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာမဏ္ဍိုင် (Customs to Business)

(ဂ) အကောက်ခွန်နှင့် အခြားသောအစိုးရအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဏ္ဍိုင်(Customs To Other Government and Inter-Government)

၃။ WCO SAFE Framework ၏ ဒုတိယမဏ္ဍိုင်ဖြစ်သည့် အကောက်ခွန်နှင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုမဏ္ဍိုင်တွင် နောက်ဆက်တွဲ (Annex IV ) အဖြစ် Authorized Economic Operators ကို ထည့်သွင်းဖော်ပြထားပြီး နိုင်ငံတကာ ကုန်သွယ်မှုကွင်းဆက်တွင် ပါဝင်သူများအား လုံခြုံမှုနှင့်ပတ်သက်၍ အမြင့်မားဆုံး အာမခံပေးနိုင်သည့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်သူများအဖြစ် သတ်မှတ်နိုင်ရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၄။ AEO အဖြစ် အသိအမှတ်ပြုဆောင်ရွက်ပြီးသည့်အခါ ကုန်သွယ်ဖက်နိုင်ငံအချင်းချင်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ AEO အပြန်အလှန်အသိအမှတ်ပြုခြင်း (Mutual Recognition Agreement/ Arrangement) ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။

၅။ WCO ၏ Safe Framework of Standard တွင် Pillar II (Customs to Business Partnership)အရ အကောက်ခွန်နှင့်စီးပွားရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

၆။ ပြန်လည်ပြင်ဆင်ထားသော ကျိုတိုကွန်ဗင်းရှင်း (Revised Kyoto Convention- RKC) Transitional Standard (3.32) တွင်လည်း အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ပြဋ္ဌာန်းချက် စည်းမျဉ်း စည်းကမ်းများအား လိုက်နာမှု ရှိသော သင့်တော်သည့် မှတ်တမ်း၊ ကုန်သွယ်မှုနှင့် ဆိုင်သော မှတ်တမ်းမှတ်ရာများကို စီမံခန့်ခွဲနိုင်သော ကျေနပ်လောက်သည့် စနစ်များရှိသည့် အခွင့်ရပုဂ္ဂိုလ်များကို အကောက်ခွန်ဌာနမှ ပံ့ပိုးပေးရမည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၇။ အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူ စာချုပ် (Asean Trade in Goods Agreement- ATIGA) Article 59 တွင် နှစ်ဦး နှစ်ဖက် အသိအမှတ်ပြုရေး (Mutual Recognition) ရရှိစေရန် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ အစီအစဉ် (AEO Program)ကို ကြိုးပမ်း ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း သဘောတူညီချက်အား ဖော်ပြထားပါသည်။